ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ - ၄. ၁၀. ၀၉

## သူငယ်ချင်းမိတ်ဆွေဖြစ်မှု၏နေရာ(Place of Friendship)

"အကြောင်းမူကား အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကိုထောက်၍ စည်းဝေးကြ၏။ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်။" မဿဲ ၁၈း၂၀

"ယုံကြည်သောသူအပေါင်းတို့သည် တစုတဝေးတည်း နေကြသဖြင့် မိမိတို့၌ရှိသမျှကို ဆက်ဆံ၍ သုံးဆောင်ကြ၏။ မိမိတို့ဥစ္စာပစ္စည်းများကို ရောင်းပြီးလျှင်၊ လူများဆင်းရဲသည်အတိုင်း အသီးအသီးတို့အား ဝေငှခြင်းကို ပြုကြ၏။" တမန် ၂း၄၄-၄၅

"ဘုရားသခင်မိန့်တော်မူသည်ကား သူတို့တွင် ငါကျိန်းဝပ်မည်။ သူတို့တွင်လှည့်လည်၍ သူတို့၏ ဘုရားသခင် ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ၊ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်၏ ဗိမ္ဗာန်တော်ဖြစ်ကြ၏။" ၂ကော ၆း၁၆

ခရစ်ယာန်တို့၏ သူငယ်ချင်းမိတ်ဆွေဖြစ်မှုသည် အသင်းတော်၏နေ့စဉ်လှုပ်ရှားမှုအတွင်းတွင် ပထမဆုံးလက်တွေ့ကျစွာ ဖြစ်သင့်သည်အတိုင်း ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

### ၁။ နေရာ(The Place)

သခင်ယေရှုက သူ၏အမှုတော်စတင်ဆောင်ရွက်ချိန်ကပင် ရှမာရိအမျိုးသမီးကို ပြောခဲ့ပါသည်၊ ယော ၄း၂၁-၂၃ "အချင်းမိန်းမ၊ ငါ့စကားကို ယုံလော့၊ ဤတောင်သို့မလာ၊ ယေရုရှလင်မြို့သို့မသွားဘဲ ခမည်းတော်ကို ကိုးကွယ်ရမည့်အချိန်ကာလ ရောက်ဆဲရှိ၏. . . . . ကိုးကွယ်သူမှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်၄င်း၊ သစ္စတရား(အမှန်တရား)နှင့်၄င်း၊ ကိုးကွယ်ရမည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုရှိတော်မူ၏။" သခင်ယေရှုပြောနေသည်မှာ ပင်တေကုတ္တေနေ့တွင် လက်တွေ့ဖြစ်လာမည့်အကြောင်းအရာကို ဖြစ်သည်။ ထိုနေ့တွင် တိုင်းနိုင်ငံများအကြား ခြားနားထားသော ဝိညာဉ်ရေးရာတံတိုင်းများကို ဖြိုချလိုက်လျှက်၊ ဓမ္မသစ်အသင်းတော် ပေါ်ထွက်လာခဲ့သည်။ ရလဒ်မှာ အသင်းတော်၏လက်တွေ့အသက်ရှင်မှုသည် ဘုရားသခင်၏သူငယ်ခြင်း မိတ်ဆွေဖြစ်မှု ပဋိညာဉ်ကို အဆင့်နှစ်ခုဖြင့် ရောင်ပြန်ဟပ်ကာ စတင်လာခြင်းဖြစ်သည်။

ပထမအနေနှင့် ဓမ္မသစ်အသင်းတော်ထဲရှိ အသင်းသူ/သားတို့သည် ဘုရားသခင်နှင့် တိုက်ရိုက်မိတ်သဟာယကို ရရှိပိုင်ဆိုင်ကြခြင်းဖြစ်သည်။ ၄င်းသည် ပုရောဖက်များက ဓမ္မဟောင်းကာလတွင် ကြိုတင်ပြောခဲ့သည်များ ပြည့်စုံလာခြင်းပင်ဖြစ်သည်၊ ယေရေမိ ၂၄း၇ "ငါသည်ထာဝရဘုရားဖြစ်ကြောင်းကို သူတို့ သိနိုင်သောစိတ်နှလုံးကို ငါပေးမည်၊ သူတို့သည် ငါ၏လူဖြစ်ကြ၍၊ ငါသည်လည်း သူတို့၏ဘုရားသခင် ဖြစ်လိမ့်မည်။ ငါ့ထံသို့ စိတ်နှလုံးအကြွင်းမဲ့နှင့် ပြန်လာကြလိမ့်မည်။" ထိုအကြောင်းကိုပင် သခင်ယေရှုက နောက်ပိုင်းတွင် ပြန်ပြောခဲ့ပါသည် (မဿဲ ၁၈း၂၀)။

ရလဒ်မှာ ထိုသူငယ်ချင်းမိတ်ဆွေဖြစ်မှုသည် ဘုရားသခင်၏လူများအတွက် တဖန်ပြန်၍ ရလာနိုင်ခြင်း ဖြစ်သည်။ သခင်ယေရှုက သူတို့အတွက်ထားခဲ့သော ပညတ်တော်သစ်ကို လက်တွေ့ကျင့်သုံးသည့်အခါ၊ ထိုသူငယ်ချင်းဖြစ်မှုကို လက်တွေ့ခံစားလာကြပါသည်။ "သင်တို့သည် အချင်းချင်းတယောက်ကိုတယောက် ချစ်ကြလော့။ ငါသည်သင်တို့ကို ချစ်သည်နည်းတူ အချင်းချင်း ချစ်ကြလော့ဟု ပညတ်သစ်ကို ငါပေး၏"(ယော ၁၃း၃၄)။

### ၂။ ပေါ်ထွက်လာခြင်း(The Manifesation)

ခရစ်ယာန်တို့၏ ချစ်ခြင်းနှင့်မိတ်သဟာယဖွဲ့ခြင်းသည် သခင်ခရစ်တော်က သူ၏လူများထံ ဝိညာဉ်တော်အားဖြင့် ပေးတော်မူသော ဝိညာဉ်ရေးရာလက်ဆောင်မှနေ၍ ပေါ်ထွက်လာပါသည်။ "မြင့်သောအ

ရပ်သို့ တက်ကြွတော်မူသဖြင့် များစွာသောသူတို့ကိုဖမ်းသွားေတာ်မူ၍ လူတို့အားဆုလပ်များကိုပေးတော်မူသည်၊ . . . . . လူအချို့တို့ကို တမန်တော်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သာသနာပြုအရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်အရာ၌၎င်း၊ ဆရာအရာ၌၎င်း ခန့်ထားတော်မူ၏။ ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍ ခရစ်တော်၏ ပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင်သောလူအဖြစ်သို့ ရောက်ကြသည် တိုင်အောင် ဖြစ်သတည်း” (ဧဖက် ၄း၈-၁၃)။

သခင်ခရစ်တော်က ထိုလက်ဆောင်များကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပေးတော်မူခြင်းသည် ပင်တေကုတ္တေနေ့မှစတင်ပါသည်။ ရှင်ပေတရုက ထိုအဖြစ်ကို ပရောဖက်ယောလ ကြိုတင်ဟောပြောချက် ပြည့်စုံခြင်းဟုခေါ်ပါသည် (တမန် ၂း၁၇)။ ဘုရားသခင်၏သား/သမီးအယောက်စီတိုင်းကို ဘုရားသခင်၏နုတ်ကပတ်တော်ထံလာရောက်ခွင့်(ဖတ်ခွင့်)၊ နားလည်ခွင့်၊ ခရစ်ယာန်တို့၏ သူငယ်ချင်းဖြစ်ခြင်း၌ လက်တွေ့ကျင့်သုံးခွင့်တို့ကို ပေးထားပါသည်။ သခင်ခရစ်တော်၏ဝိညာဉ်တော်အားဖြင့် လုပ်နေကြသ၍ ထိုအခွင့်များကိုရကြသည်။ သခင်ခရစ်တော်ပြောခဲ့သလိုဖြစ်သည် (ယော ၁၆း၁၃)။

သို့ပသော် ထိုအလုပ်များကို တယောက်ချင်းစီတွင်၊ တိုက်ရိုက် လုပ်ကိုင်ကြခြင်းတော့မဟုတ်ပါ၊ အသင်းတော်၏ အသက်ရှင်မှုအတွင်းတွင်သာ ဖြစ်သည် (ရောမ ၁၂း၄-၆)။ အသင်းတော်ထဲတွင် တယောက်စီတိုင်းအတွက် နေရာ(တာဝန်)ပေးထားပါသည်။ အချို့တို့က အထူးဌာနများတွင် ဖြစ်သည်။ သင်းထောက်တို့သည် ဘုရားသခင်၏နုတ်ကပတ်တော်ကို လက်တွေ့ကျင့်သုံးသည့်အနေနှင့် လိုအပ်သူများအတွက် ချစ်ခြင်းမေတ္တာအလှူကို ပေးအပ်ကူညီရမည့် တာဝန်များရှိကြသည် (တမန် ၆း၃)။ အသင်းလူကြီးများမှာ အသင်းတော်ကို နုတ်ကပတ်တော်အား လက်တွေ့ကျင့်ကြံအသက်ရှင်ခြင်းသို့ ဦးဆောင်လမ်းညွှန်ရမည့်တာဝန်ကို ထမ်းဆောင်ကြရသည်။ တချိန်ထဲတွင် မှားယွင်းသောအရာများမှလဲ ကာကွယ်ပေးရမည်ဖြစ်သည် (တမန် ၁၄း၂၃၊ ၂၀း၂၈)။ သင်းအုပ်များနှင့်ဆရာများမှာ ဘုရားသခင်၏သား/သမီးများကို နုတ်ကပတ်တော်တွင်းသို့ ခေါ်ဆောင်ရသည့်တာဝန် ထမ်းဆောင်ရပါသည်(ရောမ ၁၀း၁၄-၁၅)။ သို့သော် အားလုံးသည် နှိမ့်ချစွာနှင့် နုတ်ကပတ်တော်ကို လက်တွေ့ကျင့်ဆောင်ရန် တာဝန်ရှိကြသည်။ သခင်ခရစ်တော်ကိုတိုင်က ပြတော်မူခဲ့သကဲ့သို့ဖြစ်သည်။ ရောမ ၁၂း၃ “သင်တို့သည် ကိုယ်ကို ထင်သင့်သည်အတိုင်းထက် လွန်၍မထင်ဘဲ၊ ဘုရားသခင်သည် လူအသီးအသီးတို့အား ယုံကြည်ခြင်းကို ဝေပေးတော်မူသည်နှင့်အညီ၊ ကိုယ်ကို လျှောက်ပတ်စွာ ထင်ရမည်။”

## ၃။ **တံဆိပ်ခတ်နှိပ်ခြင်း**(The Seal)

ယ္ခုဘဝသည် မည်သည့်အဓိပ္ပါယ်ရှိကြောင်း၊ သခင်ခရစ်တော်က အသင်းတော်အတွက် ထားခဲ့တော်မူသော ပွဲတော်မင်္ဂလာများက လှပစွာနှင့် ကျွန်တော်တို့ရှေ့မှောက်တွင် ပြသနေကြပါသည်။

ပထမမင်္ဂလာသည် ဗတ္တိဇံဖြစ်သည်။ ထိုမင်္ဂလာဖြင့် သခင်ခရစ်တော်သည် မိမိကိုယ်ကို အသင်းတော်နှင့် ဆက်သွယ်တော်မူသည် (မဿဲ ၃း၁၃-၁၅)။ ထိုကဲ့သို့ ဘုရားသခင်၏လူများလဲ ဖြစ်ကြပါသည်၊ ကလေး၊ လူကြီး အားလုံးအသင်းတော်သို့ ဗတ္တိဇံအားဖြင့် ဆက်သွယ်ကြခြင်းဖြစ်သည် (၁ကော ၁၂း၁၃)။ ဗတ္တိဇံ ခံယုံမျှဖြင့် ထိုမိတ်ဆွေဖြစ်ခြင်းသို့ ဝင်ရောက်ကြခြင်းမဟုတ်ပါ၊ ဗတ္တိဇံရေဆိုသော ထိုမင်္ဂလာတော်အားဖြင့်ဖြစ်သည်။ ဓမ္မဟောင်းကာလမှ အရေဖျားလှီးခြင်းမင်္ဂလာနှင့်တူသည်၊ ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်ခြင်း၏ တံဆိပ်အနေနှင့်ဖြစ်သည် (ရော ၄း၁၁)။ မိမိ၏အပြစ်မှ ခွင့်လွှတ်ခြင်းကို ခံရပြီဖြစ်ကြောင်းသိလာလျှက်၊ အပြစ်၏လွှမ်းမိုးမှုကို ဖြတ်ခါ ဘုရားသခင်နှင့်သူ၏လူများထံ အမှန်တရားအတွက် ဝင်ရောက်ခြင်းတွင်ဖြစ်သည်။

သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာလဲ ထို့အတူဖြစ်ပါသည်။ မုန့်နှင့်စပျစ်ရေတွင် အထူးတန်ခိုးမရှိပါ။ ထိုပစ္စည်းများမှတဆင့် ကျေးဇူးတော်သည် ရောက်လာခြင်းမဟုတ်ပါ။ ၎င်းသည် ကျွန်တော်တို့၏ ဝိညာဉ်ရေးရာအစာ ဖြစ်ပါသည်။ ထိုမင်္ဂလာကိုသုံးဆောင်ကြသည့်အခါတိုင်း၊ မိမိ၏အသွေးနှင့်အသားကို ကျွန်တော်တို့အပြစ်များလွတ်ဖို့ ပေးဆပ်တော်မူပေးသော ခရစ်တော်ရှေ့ရောက်ရသလို ဖြစ်စေပါသည်။ သူ၏ဥပမာတော်ဖြင့် ကျွန်တော်တို့သည် ဆက်၍အသက်ရှင်နေကြခြင်းဖြစ်သည်၊ သခင်ယေရှုကိုယ်တိုင်က ယော ၆း၅၁တွင်ပြောခဲ့သလိုဖြစ်သည်။ “ငါသည် ကောင်းကင်မှဆင်းသက်သော

အသက်မုန့်ဖြစ်၏။ ဤမုန့်ကို စားသောသူမည်သည်ကား၊ အစဉ်မပြတ်အသက်ရှင်လိမ့်မည်။ ငါပေးသော မုန့်ကား၊ လောကီသားတို့အဖို့အလို့ငှာ စွန့်သော ငါ၏အသားပေးတည်း။” ထို့နောက် တုန့်ပြန်မှုအနေနှင့် ကျွန်တော်တို့သည် သခင်ခရစ်တော်၌ ရှိနေကြသူများ ဖြစ်သည်နှင့်လျှော်ညီစွာ၊ တဦးနှင့်တဦးထံမိတ်သဟာယဖွဲ့လျှက် မိမိတို့၏ညီညွတ်ခြင်းကို ပြသကြပါသည်၊ ၁ကော ၁ဝး၁၇ “ငါတို့ရှိသမျှသည် တလုံးတည်းဖြစ်သော ထိုမုန့်ကို ဆက်ဆံလျှက် ခံယူကြသောကြောင့်၊ အများဖြစ်သောငါတို့သည် တလုံးတကိုယ်တည်းဖြစ်ကြ၏။”

ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်၏အသင်းတော်ကဲ့သို့ နေထိုင်ကြပါသည်။ ကျွန်တော်တို့၏သခင်ဖြစ်သော သခင်ခရစ်တော်၏ဝိညာဉ်တော်အားဖြင့် ပြန်လည် တည်ဆောက်ပေးတော်မူသော မိတ်သဟာယတွင် တဦးနှင့်တဦးဆက်ဆံလျှက် ညီညွတ်သောလူတစုအဖြစ် နေထိုင်အသက်ရှင်ကြပါသည်။ ပေတရုကပြောသလိုဖြစ်သည်၊ ၁ပေ ၂း၅-၉ “သင်တို့သည် အသက်ကျောက်များကဲ့သို့ အဆင့်ဆင့်အထပ်ထပ် တည်ဆောက်လျှက်ရှိသဖြင့် (ဝိညာဉ်ရေးရာအိမ်)ဓမ္မတိုက်ဖြစ်ကြ၏။ ယေရှုခရစ်အားဖြင့် ဘုရားသခင်နှစ်သက်တော်မူရာ (ဝိညာဉ်ရေးရာယဇ်ပူဇော်ခြင်းများ)ဓမ္မယဇ်ကို ပူဇော်ရသော သန့်ရှင်းသောယဇ်ပုရောဟိတ်မျိုးလည်း ဖြစ်ကြ၏။. . . . . မှောင်မိုက်ထဲမှ အံ့ဘွယ်သော (သူ၏)အလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးတော်များကို ဘော်ပြစေခြင်းငှာ၊ ရွေးချယ်သောအမျိုး၊ ဘုရင်မျိုးနွယ်ယဇ်ပုရောဟိတ်၊ သန့်ရှင်းသောနိုင်ငံ၊ ထူးချားလှသောလူမျိုးဖြစ်ကြပါသည်။”

==================================

## အစ္စရေးနှင့်အသင်းတော်

ခေတ်သစ်ပရီမီလေးနီးယန်းဝါဒ(modern premillennialism)က ဘုရားသခင့်ထံတွင် လူမျိုးတမျိုးမဟုတ်၊ နှစ်မျိုးရှိသည်၊ ၄င်းတို့မှာ အစ္စရေးနှင့်အသင်းတော်ဖြစ်သည်ဟု သင်ကြသည်။ ထိုသို့သောသွန်သင်ခြင်းကို ဒစ်ပင်ဆေးရှင်းနယ်ဝါဒ(dispensationalism)ဟုခေါ်၍၊ ၁၈၃ဝ ခုနှစ်ခန့်က၊ ဂျေအဲန်ဒါဘီ(J. N. Darby)ဆိုသူ စတင်ခဲ့ခြင်းဖြစ်သည်။ သူ အသစ်တီထွင်လိုက်သောချီဆောင်သိမ်းဆည်းခြင်းသီအိုရီ(rapture)နှင့် သခင်ခရစ်တော် “နှစ်ကြိမ်ပြန်လာမည်”( tow second comings)ဆိုသည့် သီအိုရီတို့နှင့် ကိုက်ညီရန် သမ္မာကျမ်းစာကို အစ္စရေးအတွက် ကျမ်းပိုဒ်များ၊ အသင်းတော်အတွက်ကျမ်းပိုဒ်များဟု ခွဲထုတ်ပစ်လိုက်ပါသည်။

ထိုဒစ်ပင်ဆေးရှင်းနယ်ဩဝါဒက သခင်ယေရှုသည် ဂျူးလူမျိုးများကို နိုင်ငံတော်ပေးရန် လာခဲ့သည်၊ သို့သော် ဂျူးတို့က သူ့ကိုငြင်းပယ်ကြသည်၊ လက်ဝါးကပ်တိုင်ပေါ်တွင် သေအောင် ကြံစည်ကြသည်၊ ထို့ကြောင့် နိုင်ငံတော်တည်ထောင်မည့်ကိစ္စသည် သခင်ခရစ်တော် ဒုတိယအကြိမ်ကြွလာမည့် အချိန်သို့ ပြောင်းရွှေ့လိုက်ရသည်၊ ထို့ကြောင့် ဘုရားသခင်၏နိုင်ငံတော်သည် ယနေ့ချိန်တွင် “နက်နဲသောပုံစံ”မှလွဲ၍ လက်တွေ့မရှိသေးပါဟု သွန်သင်သည်။ ခရစ်တော်ကို ငြင်းပယ်ကြခြင်းက “ကြားကာလအချိန်”တမျိုးကို ဖြစ်လာစေသည်၊ ထိုကြားကာလအချိန်တွင် ပုရောဖက်နာရီသည် ရပ်နေသည် ဆက်မသွားတော့ဟု သွန်သင်သည်။ ဂျူးတို့က သခင်ခရစ်တော်ကို ငြင်းပယ်ကြ၍၊ ဘုရားသခင်ခမြာ ဒုတိယစီမံကိန်း(plan B)အဖြစ် အသင်းတော်ကို ဖန်တီးရပါတော့သည်၊ ယွှင်က အသင်းတော်ရှိရမည်ဟု ဘယ်သောအခါကမှ မမျှော်လင့်ထားဘူးပါ၊ ဓမ္မဟောင်းပုရောဖက်တို့ကလည်း တွေ့ကိုမတွေ့ကြပါဟု သွန်သင်ကြသည်။

ဒစ်ပင်ဆေးရှင်းဩဝါဒအရ နှစ်တထောင်ကာလသည် ဂျူးလူမျိုးတို့အတွက်သာအဓိကဖြစ်သည်။ ဂျူးတို့ကို တပါးအမျိုးသားတို့အထက်၌ ချီးမြှောက်မည်ဟု သင်သည်။ တပါးအမျိုးသားတို့သည် သခင်ခရစ်တော်၏အုပ်ချုပ်မှုအောက်တွင် အဆင့်အနိမ့်ဆုံးသူများဖြစ်မည်ဟု သင်ကြသည်။ ထို့အပြင် သခင်ခရစ်တော်၏ အသေခံခြင်းသည် “ဤလောက၏အပြစ်ကို ဆောင်ယူသွားမည့် ဘုရားသခင်၏သိုးသငယ်” အဖြစ် အဆုံးစွန်သောယဇ်ပူဇော်ခြင်းဖြစ်သော်ငြား၊ နှစ်တထောင်ကာလတွင် ယဇ်ပူဇော်ခြင်းကို ပြန်လည်ပြုလုပ်ကြမည်ဟု ဤဝါဒက သင်သည်။

ဒစ်ပင်ဆေးရှင်းတို့၏ ဆန်းပြားလှသော အယူဝါဒဖြစ်သည့်၊ အသင်းတော်နှင့်အစ္စရေးသည် ဘုရားသခင်၏ နှစ်မျိုးသောလူမျိုးများဖြစ်ပါသည်ဆိုသည့် သွန်သင်ခြင်းသည်၊ သမိုင်းကြောင်းတလျှောက် ယုံကြည်လာသော ခရစ်ယာန်တို့၏စစ်မှန်သောယုံကြည်ခြင်းနှင့် ဆန့်ကျင်ဖက်ဖြစ်နေပါသည်။ ခရစ်ယာန်သီအိုလောဂျီသည် အစကထည်းကပင် အသင်းတော်နှင့်အစ္စရေးသည် တလုံးတဝတည်းဖြစ်ကြောင်း ယုံကြည်လာခဲ့ကြသည်။ ထိုသို့ယုံကြည်ခြင်းသည် ရှင်းလင်းပြတ်သားလှသော ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းစာများ၏ သွန်သင်ချက်များကြောင့်ဖြစ်ပါသည်။ ဥပမာ၊ အသင်းတော်အစဦး ခေါင်းဆောင်များဖြစ်ကြသည့် ပါပိုင်းယပ်စ်(Papias)၊ ခလီမင့်(Clement)၊ ဘားနဘစ်(Barnabas)၊ ဟာမစ် (Hermas)၊ ဂျပ်စတင်မာတား(Jystin Martyr) တို့က အသင်းတော်သည် အစ္စရေးတို့ကို ပေးထားသော ဘုရားသခင်၏ ကတိတော်များကို အမွေခံရကြပါသည်ဟု ယုံကြည်ကြသည်။

ခရစ်တော်၏အသေခံခြင်းသည် ကံမကောင်းလှ၍ မတော်တဆဖြစ်သည်မဟုတ်၊ ကြိုတင်မျှော်လင့်မထားသော ဂျူးတို့၏ငြင်းပယ်ခံရခြင်းကြောင့် လုံးဝမဟုတ်ရပါ။ ထိုမှခြားနားစွာ၊ သခင်ခရစ်တော်က လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းနှင့်ပတ်သက်၍ "ရည်ရွယ်ချက်ရှိ၍သာ၊ ထိုအချိန်ကို ငါရောက်သည်"ဟု ပြောခဲ့ပါသည်(ယော ၁၂း၂၇)။ အသင်းတော်သည်လည်း ကြားကာလတွင် မမျှော်လင့်ဘဲ ဖြစ်လာသောအရာမဟုတ်ပါ၊ အသင်းတော်သည် သခင်ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သည်၊ ထို့ကြောင့် "ဘုရားသခင်၏ပြည့်စုံတော်မူခြင်း"ဖြစ်ပါသည် (ဧဖက် ၁း၂၂-၂၃)။ ဘုရားသခင်၏နိုင်ငံတော်သည်လည်း အနာဂတ်ချိန်တွင်မှ ရောက်လာမည်မဟုတ်ပါ၊ ယခုချိန်၌ပင်ရှိနေပြီဖြစ်ပြီး၊ ဆက်၍တိုးတက်နေလျှက်ရှိပါသည် (မဿဲ ၁၂း၂၈၊ ကောလောသဲ ၁း၁၃)။

ဒစ်ပင်ဆေးရှင်းတို့ပြောသည်နှင့် ဆန့်ကျင်စွာ၊ အသင်းတော်သည် အစမှနေ၍ ဘုရားသခင်၏ စီမံကိန်းထဲတွင် အဓိကနေရာမှပါဝင်ပါသည်။ ရောမ ၉း၂၂-၂၆ (ဟောရှေအနာဂတ္တိကျမ်း ၁း၁၀ကို ကိုးကားသောကျမ်းပိုဒ်)က အစ္စရေး၏သားသမီးတို့သည်၊ ဂျူးနှင့်တပါးအမျိုးသားတို့မှနေ၍၊ ပင်လယ်ကမ်းစပ်ရှိ သဲလုံးများကဲ့သို့ များပြားမည်၊ မည်သူကမှမရေတွက်နိုင်အောင် များမည်ဟုပြောထားပါသည်။ တပါးအမျိုးသားတို့သည် ဘုရားသခင်၏လူမျိုးထဲတွင်ပါဝင်ကြမည်ဟု ဘုရားသခင်သည် လက်ဝါးကပ်တိုင်အချိန် မတိုင်မှီကပင် စီစဉ်ထားပြီးဖြစ်ပါသည် (အာမုတ် ၉း၁၁၊ တမန် ၁၅း၁၆-၁၇)။

ကျမ်းစာက အသင်းတော်နှင့်အစ္စရေးတို့ကို တူညီသောစကားလုံးဖြင့် ခေါ်ပါသည်။ယုံကြည်ခြင်းတခုတည်းကို အတူတူယုံကြည်ကြသူများသည် တလုံးတဝတည်း တူညီကြသူများဖြစ်သည်။ နှစ်စုလုံးကို ဘုရားသခင်ချစ်မြတ်နိုးရသူများ၊ ဘုရားသခင်၏သားသမီးများ၊ ဘုရားသခင်၏အဝန်းအဝိုင်း၊ ဘုရားသခင်၏သိုးတော်စု၊ ဘုရားသခင်၏အိမ်တော်၊ ဘုရားသခင်၏လူများ၊ ဘုရားသခင်၏စပျစ်ဥယာဉ်၊ ဘုရားသခင်၏ဇနီး၊ အာဗြဟံ၏သားသမီးများ၊ ရွေးချယ်သောအမျိုး၊ အရေဖျားလှီးခြင်းခံသူများဟုခေါ်ပါသည်။ ၎င်းကို ဆန့်ကျင်လျှက် သင်နေသော ဒစ်စပင်ဆေးရှင်းဝါဒသည် အန္တရယ်ရှိပါသည်၊ ဘုရားသခင်၌ ရွေးကောက်သောအမျိုး(၂)မျိုးရှိနေသလား။ သိုးတော်စုနှစ်ခု ရှိနေပါသလား။ ဇနီးနှစ်ဦး ရှိနေပါသလား။ ကျမ်းစာကတော့ရှင်ပါသည်၊ မရှိပါဟုပြောသည်၊ "ဂျူးဟူ၍မရှိ၊ ဂရိဟူ၍မရှိ၊ အားလုံးသည် သခင်ယေရှုခရစ်တော်၌ တစုတည်းဖြစ်ပါသည်" (ဂလာတိ ၃း၂၈)။

ဂျူးများ၏နာမည်ဖြစ်သော "အာဗြဟံ၏သားသမီးများ" "အရေဖျားလှီးခြင်းခံသူများ" စသည့်အမည်များကို အသင်းတော်၏အမည်များအဖြစ် ကျမ်းစာက သုံးနေသဖြင့်၊ အသင်းတော်သည် ဝိညာဉ်ရေး အစ္စရေးဖြစ်သည်မှာ မှန်ကန်လှကြောင်း ထင်ရှားနေပါသည်။ ကျမ်းစာက ခရစ်ယာန်တို့ကို "ဘုရားသခင်၏အစ္စရေး"(the Israel of God)ဟု ခေါ်ပါသည် (ဂလာ ၆း၁၆)။ အစ္စရေးတို့သည် "မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး"(a kingdom of priests and a holy nation) ဖြစ်ကြရမည်(ထွက် ၁၉း၆)ဟု ပြောသောဘုရားသခင်သည်၊ ယခုအခါ အသင်းတော်ကို "သင်တို့မူကား၊ မှောင်မိုက်ထဲမှ အံ့ဘွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကို ဘော်ပြစေခြင်းငှာ၊ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏၊ *<u>မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊</u>* ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏၊ အထက်ကအပေါင်းအသင်းမဟုတ်၊ ယခုတွင် ဘုရားသခင်၏ အပေါင်းအသင်းဖြစ်ကြ၏၊ ဂရုဏာကျေးဇူးတော်ကို အထက်ကမခံရသော်လည်း၊ ယခုတွင် ခံရကြ၏"ဟု ပြောနေတော်မူပါသည် (၁ပေ ၂း၉-၁၀)။